# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 11 , 2026 Volume 99 , Number 8


၁၁. ၂ .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၅၀၁.၈၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၆၃.၅၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၇၅.၄၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၉၃.၉၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၈၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၆.၀၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၅၇ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြောင်းဆန်ဈေး တက်လာ




မြန်မာ့ပြောင်းဆန်ကို အခွန်ကင်းလွတ်ခွင့်နဲ့ထိုင်းကိုတင်ပို့နေပြီ ဖြစ်တဲ့အတွက် ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်သွက်လာပြီး ဈေးလည်းတက်လာတယ်လို့ ပြောင်းကုန်သည်တွေဆီက သိရပါတယ်။

ယခုလ ဖေဖော်ဝါရီ ၁ ရက်နေ့ကစပြီး ထိုင်းကို အခွန်ကင်းလွတ်ခွင့်နဲ့ တင်ပို့နေတာ ဖြစ်ကြောင်း၊ ထိုင်းကိုတင်ပို့မှုစတင်ပြီးနောက်မှာ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင် ပေါက်ဈေးကတက်လာပြီး တစ်ပိဿာကို ၁၄၇၀ ကျပ်မှ ၁၄၉၀ ကျပ်အတွင်း ရှိလာပါတယ်။

ယခင်လ ဇန်နဝါရီနောက်ဆုံးပတ်ကပြောင်းဆန်တစ်ပိဿာကို ၁၄၆၀ မှ ၁၄၈၀ ကျပ်သာ ရှိခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

“ပြောင်းဆန်ဈေးတက်လာပါတယ်။ ထိုင်းကို အခွန်ကင်းလွတ်ခွင့်နဲ့ပို့ရင် တက်လာမယ်ဆိုတာတော့ မျှော်လင့်ထားပြီးသားပါ ။ ဘာလို့ဆို ထိုင်းကပဲ ပြောင်းကို အများဆုံး ဝယ်တာ ၊တင်ပို့မှုရှိတာ"လို့ ပြောင်းကုန်သည်တစ်ဦးက ပြောပါတယ်။

လက်ရှိမှာ ထိုင်းကို ပြောင်းဆန်တင်ပို့မှုကို ရနောင်း - ကော့သောင်း ပင်လယ်ရေကြောင်းမှတစ်ဆင့်သာ အဓိကတန်ချိန်အများအပြားတင်ပို့မှုရှိနေသောကြောင့်တာချီလိတ်နယ်စပ်ဂိတ်ကနေ တင်ပို့မှု မရှိသေးဘူးလို့ သိရပါတယ်။

ထိုင်းကို ပြောင်းဆန်တင်ပို့တဲ့အခါ ကုန်သည်တွေအနေနဲ့ ပြောင်းဖူးတွေကို စိုက်ပျိုးစဉ်ကာလအတွင်း မီးရှို့ခြင်းမပြုတဲ့ ထုတ်လုပ်မှုဧရိယာများ သို့မဟုတ် လယ်ယာလုပ်ငန်းခွင်တွေကနေ တင်သွင်းဖို့ လိုအပ်တဲ့အတွက် မီးရှို့ခြင်းကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ် တင်ပြရမယ်ဆိုတဲ့အချက်ကြောင့် နယ်စပ်ကနေ ပြောင်းတင်ပို့မှုမလုပ်နိုင်

သေးတာဖြစ်တယ်လို့ သိရပါတယ်။

"၇ ရက်နေ့အထိတော့ တာချီလိတ်ကနေ ပြောင်းတင်ပို့နိုင်မှု မရှိသေးဘူး ။ မီးရှို့ကြောင်း ကင်းရှင်းတဲ့ ထောက်ခံတင်ပြနိုင်မှ ပို့လို့ရမယ်ဆိုတော့ ကုန်သည်တွေ ခက်နေကြတယ်။ ပြောင်းဈေးကတော့ လှုပ်လာတယ်။အခုနှစ်က ပြောင်းတင်ပို့နိုင်တဲ့ ကာလကို လျှော့လိုက်တယ်၊ အရင်က ၇ လပို့ဖို့ အချိန်ရှိတယ် အခုက ၅ လပဲအချိန်ရှိတယ် " လို့ ပြောင်းကုန်သည်တစ်ဦးက ပြောပါတယ်။

ယခုနှစ်မှာ ထိုင်းအစိုးရက ပြောင်းဆန်ကို အခွန်ကင်းလွတ်ခွင့်နဲ့ တင်ပို့နိုင်တဲ့ကာလကို ဖေဖော်ဝါရီ ၁ ရက်မှစပြီး ဇွန်လ အထိသာ ခွင့်ပြုထားတာကြောင့် ယခင်ကထက် အချိန်နှစ်လ နည်းသွားကြောင်းသိရပါတယ်။ထိုင်းကို ပြောင်းဆန် အခွန်ကင်း လွတ်ခွင့်နဲ့ တင်ပို့ခွင့်ကာလနည်းသွားတဲ့အတွက် သတ်မှတ်ထားတဲ့ကာလအတွင်းမှာ ပြောင်းတန်ချိန်အများအပြားကို တင်ပို့နိုင် ဖို့ လုပ်ဆောင်သွားရမှာ ဖြစ်တယ်လို့ သိရပါတယ်။

ထိုင်းကို မြန်မာနိုင်ငံမှ ပြောင်းဆန် တင်ပို့မှုအနေနဲ့ ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ်မှာတုန်းက ပြောင်း တန်ချိန် ၁ ဒသမ ၂ သန်းကျော် တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် ဘတ် ၁၂ ဒသမ၁၁၇ ဘီလီယံ ရရှိခဲ့တယ်လို့ ထိုင်းအကောက်ခွန်ဌာနရဲ့ အချက်အလက် တွေအရ သိရ ပါ တယ်။

ပြောင်းဆန်ကို အခွန်ကင်းလွတ်ခွင့်နဲ့ တင်ပို့ခွင့်ကာလဖြစ်တဲ့ ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ တစ်လကို ပြောင်းဆန် ပျမ်းမျှ တန်ချိန် ၁၁၆,၈၂၂ တန်မှ ၂၉၄,၂၄၃ တန်အထိ တင်ပို့နိုင်ခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ နှစ်စဉ်ပြောင်းစိုက်ဧက ၂ သန်းကျော်ရှိပြီး တစ်နှစ်ကို ပြောင်း တန်ချိန် ၃ သန်းကျော် ထွက်ရှိတယ်လို့ သိရ ပါတယ်။

ပြည်တွင်းသုံးစွဲမှုအနေနဲ့က ပြောင်းတန်ချိန် ၁ သန်းခန့်ရှိပြီး နှစ်စဉ်ပြည်ပကို တင်ပို့မှုအနေနဲ့က တန်ချိန် ၂ သန်းကျော် တင်ပို့နေတာဖြစ်ကြောင်း ၊ ပြည်ပတင်ပို့တဲ့အထဲမှာ ထိုင်းနိုင်ငံကို တန်ချိန်အများဆုံး တင်ပို့မှုရှိတာ ဖြစ်တယ်လို့ သိရပါတယ် ။

**Source : Myanma Awaba**

## ဂျပန် – မြန်မာ ရိုးရာမုန့်မျိုးစုံပြိုင်ပွဲကို နှစ်စဉ်ကျင်းပရန်စီစဉ်နေပြီး ဆုရရှိသူများအတွက် ဈေးကွက် ချဲ့ထွင်ပေးမည်



ဂျပန်-မြန်မာ ရိုးရာမုန့်မျိုးစုံပြိုင်ပွဲကို နှစ်စဉ်ကျင်းပရန် စီစဉ်နေပြီးဆုရရှိသူများကိုဈေးကွက်ချဲ့ထွင်ပေးမည်ဖြစ်ကြောင်း Association of Myanmar Japan Socio-Economic Development Cooperation (AMSEDC)ထံမှသိရသည်။

အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ (၁၆)ရက်မှ (၂၀)ရက်အထိ ပြုလုပ်ခဲ့ရာ ဆုရရှိသူ(၂၀)ဦးသည် ရန်ကုန်မြို့ရှိ ကန်တော်ကြီးသဘာဝဥယျာဉ်၊ ပုလဲကျွန်းတွင် ဇန်နဝါရီ(၃၁)ရက်နေ့က ကျင်းပခဲ့သော ဂျပန်-မြန်မာ ရိုးရာမုန့်မျိုးစုံ ဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းများဖြင့် ဖွင့်လှစ် ရောင်းခဲ့ကြောင်းသိရသည်။

မြန်မာ့ရိုးရာမုန့်များ ပြန်လည်ထွန်းကားလာပြီး အသင့်စားနိုင်ငံခြားထုတ်မုန့်များလျှော့ချနိုင်ရန် ရည်ရွယ်၍ မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအသင်း (AMJSEDC) က ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်းသိရသည်။

“တစ်နှစ်တစ်ခါ အနည်းဆုံးလုပ်ဖို့တော့ရည်ရွယ်ထားပါတယ်။ အခုကျင်းပထားပြီးတဲ့အထဲမှာ ရထားတဲ့လူတွေကိုလည်း ၆ လတစ်ကြိမ် သူတို့ရဲ့ ဆိုင်တွေကိုသွားကြည့်မှာပါ။ Hygiene တွေကောင်း၊ မကောင်း၊ ထိန်းထားလား၊ မထိန်းထားဘူးလား။ သေချာလုပ်လား၊ မလုပ်လား ကြည့်မယ်။ ကြည့်ပြီးလို့ (၁) နှစ်ပြည့်တဲ့အချိန်မှာ တစ်ခေါက်ပြန်ကြည့်မယ်။ ကြည့်ပြီးသွားရင် အဲဒီ

လူတွေကို ဆက်လက်ထောက်ပံ့ပေးမှာတို့ အဲဒီလိုအစီအစဉ်တွေရှိပါသေးတယ်”ဟု AMSEDC မှ အထွေထွေအတွင်းရေးမှူး ဦးသန်းနိုင်ကပြောသည်။

လက်ရှိတွင် ပြိုင်ပွဲ၌ဆုရရှိသူများကို အရင်းအနှီးမတည်ငွေရင်းအဖြစ် ယင်လုံမုန့်ပုံးအပါ ပထမဆု ကျပ်သိန်း ၅၀ (၂)ဆုနှင့် ကျန်လူများအတွက် ယင်လုံမုန့်ပုံးအပါ ကျပ်သိန်း ၂၀ စီ ချီးမြှင့်ခဲ့ကြောင်း သိ ရသည်။

“Data-Based တွေ အကုန်လုပ်နေတယ်။ အဲဒီ Data-Based တွေနဲ့ သူတို့ဒေတာတွေကို ကျွန်တော်တို့ FB Page တွေ၊ Web Page တွေမှာ တင်မယ်ပေါ့နော်။ တင်ပြီးတော့ သူတို့ရဲ့ဟာတွေကို Promote လုပ်ပေးမယ်။ Promote လုပ်တယ်ဆိုတာက တစ်နိုင်တစ်ပိုင်လုပ်နေရာကနေပြီးတော့ လက်ဖက်ရည်ဆိုင်လိုဟာမျိုး၊ထမင်းဆိုင်လိုမျိုးမှာအချိုပွဲအနေနဲ့သူတို့တင်လို့ရမလား။ အဲဒီလို သူတို့အတွက်ဈေးကွက်ချဲ့ထွင်လို့ရအောင် ဝိုင်းပြီးတော့လေ့လာပေးဖို့ရှိပါတယ်။ အကယ်၍ အဲဒီလိုအဆင်ပြေလို့ လိုအပ်လို့ အရင်းအနှီးလိုအပ်ရင် အနည်းအကျဉ်း ပံ့ပိုးပေးမယ်ဆိုတဲ့အစီအစဉ်မျိုးလည်းရှိပါတယ်”ဟု ၎င်းကဆက်လက်ပြောသည်။

ရန်ကုန်မြို့ရှိမဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)နှင့်ဘဏ်လမ်းကဲ့သို့နေရာမျိုးတွင် နိုင်ငံခြားသားခရီးသွားများအား ဆွဲဆောင်ရန်အတွက် ဆုရရှိသည့်ပြိုင်ပွဲဝင်များ၊ မြန်မာမုန့်ရောင်းသူများကို ညနေပိုင်းတွင်ရောင်းချနိုင်ရေး ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**Source :** https://www.npnewsmm.com/

## ပွင့်ဖြူမြို့နယ်၌ ဖော်မွှားကြက်သွန်နီဥစိုက်တောင်သူများ တွက်ခြေကိုက်လျက်ရှိ



မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်သောကြောင့် မြို့နယ်အတွင်းရှိ လေးအိမ်စု၊ မန်ကျည်းစု၊ ညောင်ပင်ဝိုင်း၊ ထူးပေါက်၊ အင်းကုန်း ကျေးရွာများတွင် စပါး၊ ကုလားပဲ၊ နှမ်း၊ ကြက်သွန်နီ၊ နေကြာသီးနှံစသည့် သီးနှံစုံ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ယခုအချိန် ဖေဖော်ဝါရီလတွင် စီးပွားဖြစ်စိုက်ပျိုးထားသော ဖော်မွှားကြက်သွန်နီဥစိုက်များစတင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၊ လေးအိမ်စုကျေးရွာတွင် တောင်သူ ၄၀ ဦးမှ ကြက်သွန်နီ ဧက ၁၅၀ ခန့် စိုက်ပျိုးထားကြောင်း၊ ၎င်းအနေဖြင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ကြက်သွန်နီ ၂ ဧကကို စိုက်ပျိုးပြီး ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်တူးဖော်လျက်ရှိကြောင်း၊ ကြက်သွန်နီ(၁)ဧကလျှင် မျိုး(၃)ပြည်ခန့် ကုန်ကျပြီး မျိုး(၁)ပြည်လျှင် ကျပ် ၁၀၀,၀၀၀ ဖြင့် ဝယ်ရကြောင်း၊ ဘောင်တင်ပြီး အလျားဖဲတောင်၊ အနံ ၂ တောင်ခန့် အကွက်ဆွဲ၍ စိုက်ပျိုးကြောင်း၊ မျိုးဖိုး၊ ထွန်ယက်ခ၊ မြေပြုပြင်ခ၊ အခြားသွင်းအားစု အပါအဝင် ကျပ် ၃၀ သိန်းခန့်ကုန်ကျကြောင်း၊ ၁ ဧကလျှင် ပိဿာချိန် ၅၀၀၀ ခန့် ထွက်ရှိပြီး ၁ ပိဿာလျှင် ကျပ် ၂၀၀၀ ဖြင့် လက်ကားရောင်းချရ၍ အကျိုးအမြတ်အနေဖြင့် ကျပ် ၇၀ သိန်းရရှိကြောင်း၊ ယခုနှစ်တွင်ဈေးကောင်းရရှိသဖြင့် ကြက်သွန်နီ စိုက်တောင်သူများအနေဖြင့် တွက်ခြေကိုက်ကြောင်း၊ ယခင်နှစ်က ကုန်ကျစရိတ်နှင့်အထွက်နှုန်းမှာ ယခုနှစ်အတိုင်းဖြစ်သော်လည်း ဈေးနှုန်းမှာ ၁ ပိဿာလျှင် ကျပ် ၁၅၀၀ ဖြင့်သာ ရောင်းချခဲ့ရ၍ အကျိုးအမြတ်အနေဖြင့် ကျပ် သိန်း ၄၅ ခန့်ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ပွင့်ဖြူမြို့ပေါ်ရှိ ကြက်သွန်နီဒိုင်များနှင့် မကွေး၊ မင်းဘူး၊ မင်းလှမြို့များသို့ တင်ပို့ရောင်းချကြောင်း လေးအိမ်စုကျေးရွာရှိ တောင်သူတစ်ဦးထံမှ သိရသည်။

**Source : DOCA(မကွေး)**

## ဇန်နဝါရီလတွင် ဆန်/ဆန်ကွဲတန်ချိန် နှစ်သိန်းကျော် တင်ပို့ခဲ့




ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းကပြည်ပကို မြန်မာ့ဆန်နဲ့ ဆန်ကွဲတန်ချိန် နှစ်သိန်းကျော် တင်ပို့ခဲ့တယ်လို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် MRF က သိရပါတယ်။

ဆန်နဲ့ဆန်ကွဲ ပို့ကုန်ကုမ္ပဏီ ၅၇ ခုကနေ ဆန်တန်ချိန် ၁၂၂,၀၀၀ ကျော်နဲ့ ဆန်ကွဲတန်ချိန် ၈၆,၅၀၀ ကျော်ကို ပင်လယ် ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတွေကနေ တင်ပို့နိုင်ခဲ့တာဖြစ်ပြီး အခု ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်မှာ ပြည်ပကို ဆန်နဲ့ဆန်ကွဲ တန်ချိန် ၃ သန်း တင်ပို့နိုင်ဖို့ လျာထားတာပါ။

ပြည်ပကို ဆန်တင်ပို့ရာမှာ မဒါဂတ်စကား၊ ဖိလစ်ပိုင်၊ တရုတ်၊ ပိုလန်နဲ့ စပိန်နိုင်ငံတွေကို ဆန်တန်ချိန် အများဆုံး တင်ပို့ ခဲ့ပြီး စုစုပေါင်း ၃၁ နိုင်ငံကို တင်ပို့ခဲ့ပါတယ်။ ဆန်ကွဲကို တရုတ်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ပိုလန်၊ စပိန်နဲ့ ဗြိတိန်နိုင်ငံတွေကို အများဆုံးတင်ပို့ခဲ့ပြီး နိုင်ငံပေါင်း ၁၃ နိုင်ငံကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

အခုဘဏ္ဍာနှစ် ၁၀ လအတွင်း ပြည်ပကိုဆန်နဲ့ဆန်ကွဲ တန်ချိန်၂ ဒသမ ၃ သန်းကျော် တင်ပို့ထားပြီး ပို့ကုန်ဝင်ငွေ အမေ ရိကန်ဒေါ်လာ ၇၃၅ သန်းကျော် ရရှိထားတယ်လို့ MRF က သိရပါတယ်။

လက်ရှိမှာလည်း နိုင်ငံတကာဈေးကွက်ကို ညှော်မထ/ငစိန် အုပ်စုဝင်တွေဖြစ်တဲ့ ဆင်းသုခ၊ သီးထပ်ယဉ်၊ ရတနာတိုး၊ ငစိန် ရာကျော်၊ကရင်မ၊ထွန်းပု၊ ဇီယာ၊ ငွေတိုး၊ မင်းဇရော၊ ရွှေမန်းစတဲ့ ဆန်ကြမ်းတွေကို အဓိကတင်ပို့နေပြီး တရုတ်နိုင်ငံက ဈေး ကွက်ဝေစု ၅၀ ရာခိုင်နှုန်းခန့် ရယူထားတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com

## ဆောင်းပြောင်းဖူးများ အထွက်ကောင်းပြီး ဈေးကောင်းရနေ




ဆောင်းပြောင်းဖူးများ အထွက်ကောင်းသလောက် ဈေးကောင်းရ နေကြောင်း အထက်အညာဒေသပြောင်းစိုက်တောင်သူနှင့် လက်ကား ဒိုင်များမှ သိရပါတယ်။

ပေါ်ဦးပေါ်ဖျားကာလဖြစ်သော်လည်းယခင်နှစ်ကထက်ဈေးကောင်း ရနေခြင်းဖြစ်ကြောင်း ၎င်းတို့က ဆိုပါတယ်။


“ဒီနှစ်ပေါ်ဦးပေါ်ဖျားမှာဈေးကောင်းရတော့ တောင်သူတွေပျော်ကြ တာပေါ့ဗျာ၊ တစ်ချိန်လုံးတထိတ်ထိတ်နဲ့နေလာခဲ့ရတာ၊ ပြောင်းချိုးပြီး ချိန် ဈေးကောင်းတယ်ဆိုမှ သက်ပြင်းချနိုင်တယ်၊ မနှစ်ကထက်ကို ဈေးပို ရတယ်ဗျ”လို့ တပ်ကုန်းမြို့နယ်မှ ပြောင်းစိုက်တောင်သူတစ်ဦးက ပြောပါတယ်။

ပြောင်းမချိုးခင်ရက်များအထိ ဈေးတန်းအကျဘက်ရှိနေရာမှ ပြီးခဲ့သည့်ရက်သတ္တပတ်ကစ၍ အတက်ဘက်ရောက်သွား ခြင်းဖြစ်ကြောင်း သိရပါတယ်။ပြောင်းဖူးကို ပြည်တွင်းစားသုံးသူဈေးကွက်အတွင်း သကြားပြောင်းဖူးနှင့် ပြောင်းဖူးအစေးနှစ်မျိုး ကိုသာ အဓိက အရောင်း အဝယ် ပြုလုပ်ကြခြင်းဖြစ်ကြောင်း သိရပါတယ်။

ပြည်တွင်းဈေးကွက်တွင် ယမန်နှစ်ဆောင်းပြောင်းဖူးပေါ်ချိန်က ပြောင်းဖူး(၁၀၀)လျှင် လက်ကားဈေး ၅၀,၀၀၀ ကျပ်မှ ၆၀,၀၀၀ကျပ်ကြားရှိခဲ့သော်လည်း ယခုနှစ်တွင် ပေါ်ဦးပေါ်ဖျား လက်ကားဈေးပင်လျှင် ၈၀,၀၀၀ကျပ် နှင့် အထက်ရှိကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ယခုနှစ်၌ ရေနံစိမ်းတန်ချိန် ၅၂၅ သန်း ထုတ်မည်ဟု ရုရှားခန့်မှန်း




ရုရှားနိုင်ငံရဲ့ အခုနှစ် ရေနံစိမ်းထုတ်လုပ်မှုဟာ တန်ချိန် ၅၂၅ သန်း ရှိမယ်လို့ခန့်မှန်းထားကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် အလက်ဇန္ဒား နိုဗက်က ပြောကြားလာတာကို CNA သတင်းမှာ ဖော်ပြထားပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ်က ရုရှားရေနံစိမ်းထုတ်လုပ်မှုဟာ တန်ချိန် ၅၁၆ သန်းခန့်သာရှိခဲ့တာကြောင့် အခုနှစ်မှာတော့ရေနံထုတ်လုပ်မှု ၂ ရာခိုင်နှုန်း အထိ တိုးလာမယ်လို့ ခန့်မှန်းထားကြပါတယ်။

အခုနှစ်အတွင်း တစ်နေ့ကို စည်ပေါင်း ၁၀ ဒသမ ၅၄ သန်းအထိ ထုတ်လုပ်မှုမြင့်တက်လာမှာဖြစ်သလို ၂၀၂၆ ခုနှစ် တိုးတက်မှုဟာ ပြီးခဲ့တဲ့နှစ် ကထက် ၂ ရာခိုင်နှုန်းခန့် မြင့်တက်လာပြီး "လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ခန့်မှန်းချက်နဲ့အညီ" ဆက်လက်လုပ်ဆောင်သွားမယ်လို့ နိုဗက်က ပြောကြားခဲ့ပါတယ်။

ကမ္ဘာလုံးဆိုင်ရာ ရေနံဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ပတ်သက်လို့ မှတ်ချက်ပေးရာမှာတော့ ထောက်ပံ့မှုနဲ့ဝယ်လိုအားက မျှတမှုရှိပြီး နိုင်ငံတကာစွမ်းအင်အေဂျင်စီနဲ့ ခန့်မှန်းချက်အေဂျင်စီအများစုတို့လိုအဖွဲ့အစည်းရပ်တည်ချက်တွေနဲ့အလွန်ကွာခြားတဲ့ OPEC+ က ရုရှားမိတ်ဖက်တွေရဲ့ ရပ်တည်ချက်နဲ့ကိုက်ညီတယ်လို့ ပြောကြားခဲ့ပါတယ်။

**Source :** https://onenewstvchannel.com/

## ရုရှားနိုင်ငံ၏ ခရီးသည်တင်ကားအသစ် ရောင်းအားကျဆင်း



ရုရှားနိုင်ငံသည် ဇန်နဝါရီလတွင် ခရီးသည်တင်ကားအသစ် ၈၀,၆၀၄ စီး ရောင်းချခဲ့ပြီး ယခင်နှစ်ထက် ၉ ဒသမ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဇန်နဝါရီလ ၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော စက်မှုလုပ်ငန်းဒေတာများအရ သိရသည်။

ပြည်တွင်းအမှတ်တံဆိပ် Lada သည် တစ်လအတွင်း စုစုပေါင်း ၁၉,၆၄၄ ယူနစ်ရောင်းချခဲ့ရသဖြင့် ဈေးကွက် ဦးဆောင်သူအဖြစ် ဆက်လက်တည်ရှိနေကြောင်း ရုရှားမော်တော်ကား အေဂျင်စီ Autostat ၏ ဒါရိုက်တာ Sergey Tselikov က ပြောကြားခဲ့သည်။

တရုတ်ကားထုတ်လုပ်သူ Haval သည် ကားအစီးရေ ၁၀,၇၂၆ စီး ရောင်းချခဲ့ရဖြင့် ဒုတိယနေရာနှင့်နိုင်ငံခြားအမှတ်တံဆိပ်များကိုဦးဆောင်နေပြီး ရုရှား၏ အမှတ်တံဆိပ်အသစ် Tenet သည် ရောင်းအား ၈,၉၄၉ စီးအထိ ရောက်ရှိကာ တတိယနေရာတွင် ရပ်တည်ခဲ့သည်။

ရုရှားခရီးသည်တင်ကားဈေးကွက်၏ ဇန်နဝါရီလစွမ်းဆောင်ရည်သည် အားနည်းသော်လည်း ကျဆင်းမှုသည် ၁၀ ရာခိုင်နှုန်း အတိုင်းအတာအတွင်းတွင် ရှိနေကြောင်း Tselikov က ပြောကြားခဲ့သည်။

ပြန်လည်အသုံးပြုခြင်းဆိုင်ရာ အခကြေးငွေများမြင့်တက်လာခြင်းနှင့်တန်ဖိုးမြင့်အခွန်မြင့်တက်လာသဖြင့် ဈေးနှုန်းမြင့်တက်လာမည့် ခန့်မှန်းချက်များကြောင့် စားသုံးသူများသည် မော်တော်ယာဉ်များကို အလျင်အမြန်ဝယ်ယူခဲ့ကြသဖြင့် ၂၀၂၅ ခုနှစ် ဆောင်းဦးရာသီတွင် ဝယ်လိုအား သိသိသာသာ မြင့်တက်လာခဲ့ကြောင်း သိရသည်။

**Source : DOCA (ရန်ကုန်)**

# STOCK EXCHANGE (11.2.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 11th Feb. 2026

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 16,438 (Shares) | 82,557,850 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,300 | 8,600 | 8,300 | 2,155 | 17,952,000 | 33,109,694 | 278,121 |
| MTSH | 00002 | 3,950 | +50 | +1.28% | 3,900 | 3,950 | 3,900 | 2,635 | 10,278,250 | 38,929,150 | 153,770 |
| MCB | 00003 | 8,600 | +400 | +4.88% | 7,800 | 8,600 | 7,800 | 528 | 4,126,900 | 10,400,986 | 89,449 |
| FPB | 00004 | 2,950 | +100 | +3.51% | 2,850 | 2,950 | 2,850 | 4,003 | 11,604,000 | 29,664,613 | 87,511 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 195 | 575,250 | 12,823,224 | 37,829 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 2,838 | 4,557,650 | 19,977,223 | 32,962 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 4 | 15,800 | 10,497,598 | 41,466 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 80 | 248,000 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 11th Feb. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 421.43 | +4.81 | +1.15% | 412.13 | 421.43 | 412.13 | 12,438 | 49,357,850 | 8 | 794,903 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 11th Feb. 2026

| Trading Volume | Trading Value |
|---|---|
| 17,516 (Shares) | 88,479,900 (MMK) |

## Main Board

As of 1:00 p.m. 11th Feb. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 16,438 (Shares) | 82,557,850 (MMK) |

| MYANPIX | 421.43 ▲4.81 |
|---|---|
| Total Volume (shares) | 12,438 |
| Total Value (MMK) | 49 mil |
| Listed Company | 8 |
| Market Cap. (MMK) | 794,903 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲0 |
| MTSH | 00002 | 3,950 | ▲50 |
| MCB | 00003 | 8,600 | ▲400 |
| FPB | 00004 | 2,950 | ▲100 |
| TMH | 00005 | 2,950 | ▲0 |
| EFR | 00006 | 1,650 | ▲0 |
| AMATA | 00007 | 3,950 | ▲0 |
| MAEX | 00008 | 3,100 | ▲0 |